# Solemnity of the Ascension of Our Lord - C

## 1st READING: *Acts 1:1-11*

တမန်တော်ဝတ္ထု ၁း ၁–၁၁

အိုသီအိုဖိလု၊သခင်ယေရှုးသည်ဒေသနာအမှုတော်ကိုစတင်ဆောင်ရွက်တော်မူသောအချိန်မှစ၍မိမိရွေးကောက်တော်မူသော တမန်တော်များကိုဝိညာဉ်တော်အားဖြင့်မိန့်တော်မူပြီးနောက်ကောင်းကင်ဘုံသို့ယူဆောင်ခြင်းခံတော်မူသောနေ့တိုင် အောင်ကိုယ်တော်သွန်သင်ဆောင်ရွက်တော်မူသမျှကိုကျွန်ုပ်၏ပထမကျမ်းစောင်တွင်ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ကိုယ် တော်သည်အသေခံတော်မူပြီးနောက်မိမိအသက်ရှင်တော်မူကြောင်းကိုထိုသူတို့အားများစွာသောအထောက်အထားများဖြင့် သက်သေပြတော်မူခ၏။ ရက်ပေါင်းလေးဆယ်တိုင်အောင်တပည့်တော်တို့အားထင်ရှားပြတော်မူ၍၊ဘုရားသခင်၏နိုင်ငံ တော်အကြောင်းကိုဟောပြောသွန်သင်တော်မူခဲ့၏။ ကိုယ်တော်သည်သူတို့နှင့်အတူစားပွဲတွင်ရှိတော်မူစဉ်သူတို့အား ဂျေရုဆလင်မြို့မှထွက်ခွာမသွားကြဘဲခမည်းတော်၏ကတိတော်ကိုစောင့်ငံနေကြရန်မိန့်တော်မူသည်ကား၊သင်တို့သည်ငါ့ ထံမှကြားခဲ့ရပြီဖြစ်၏။အကြောင်းမူကား၊ယောဟန်သည်ရေဖြင့်ဆေးကြော၏။သို့သော်သင်တို့သည်မကြာမီသန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ဆေးကြောခြင်းကိုခံကြရလိမ့်မည်ဟုမိန့်တော်မ၏။ သူတို့သည်အတူတကွစုဝေးကြသောအခါ၊ သခင် ဘုရားအစ္စရေးလ်လူမျိုးအားသူတို့၏နိုင်ငံကိုပြန်လည်ပေးသနားတော်မူမည့်အချိန်ရောက်ပြီလောဟုကိုယ်တော်အားမေး လျှောက်ကြ၏။ ကိုယ်တော်ကသူတို့အားမိန့်တော်မူသည်မှာခမည်းတော်သည်မိမိတနခိုးအာဏာဖြင့်စီမံထားသည့်အချိန် အခါနှင့်နေ့ရက်တို့ကိုသင်တသိပိုင်ခွင့်မရှိ။သို့ရာတွင်သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အပေါ်သို့ဆင်းသက်သောအ ခါသင်တို့သည်ဝိညာဉ်တော်၏အားတနခိုးကျေးဇူးကိုခံယူကြရလိမ့်မည်။ထိုအခါသင်တို့သည်ဂျေရုဆလင်မြို့မှစ၍ဂျူဒေယ ပြည်၊ဆမာရိယပြည်နှင်ကမ္ဘာမြေကြီးစွန်းတိုင်တောင်ငါ့ကိုသက်သေခံသောသူများ ဖြစ်ကြလိမ့်မည်ဟုမိန့်တော်မ၏။ ကိုယ်တော်သည်ဤသို့မိန့်တော်မူပြီးနောက်တမန်တော်များကကိုယ်တော်ကိုကြည့်လျက်နေကြစဉ်တွင်ကောင်းကင်သို့ ဆောင်ယူခြင်းခံရတော်မူ၍မိုးတိမ်တစ်ခုသည် ကိုယ်တော့်ကိုသူတို့၏မြင်ကွင်းမှပျောက်ကွယ်သွားစေ၏။ သူတို့သည် ကောင်းကင်သို့တက်ကြွတော်မူသောကိုယ်တော့်ကိုမျှော်ကြည့်လျက်နေကြစဉ်ဖြူစင်သောဝတ်ရုံများဝတ်ဆင်ထားကြသည့် လူနှစ်ဦးသည်ရုတ်တရက်ပေါ်လာ၍သူတို့အနီးတွင်ရပ်နေကြ၏။ ထိုသူနှစ်ဦးကဂါလိလေလူတို့သင်တို့သည်အဘယ် ကြောင့်ကောင်းကင်သို့မျှော်ကြည့်လျက်ရပ်နေကြသနည်း။ သင်တို့အလယ်မှကောင်းကင်သို့တက်ကြွသွားတော်မူသော ယေရှုးသခင်သည်ကောင်းကင်သို့တက်ကြွသည်ကိုသင်တို့မြင်ခဲ့ကြသည့်အတိုင်းထိုနည်းတူပြန်လည်ကြွလာတော်မူလိမ့် မည်ဟုသူတို့အားပြောဆိုကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms 47: 2-3, 6-7, 8-9

**ဆာလံကျမ်း ၄၇**

**သံပြိုင်။** ။ကြွေးကြော်သံများဖြင့်ဘုရားသခင်တက်ကြွတောမူ၏တံပိုး၊ ခရာမှုတ်သံများဖြင့်ထာဝရဘုရားတက်ကြွတော်မူ၏။

**၁။** ။ လူမျိုးအပေါင်းတိလက်ခုပ်တီးကြလော့။ဘုရားသခင်အားကျယ်သောသချင်းသံနှင့်ရွှင်လန်းစွာသြဘာပေးကြလော့။ အကြောင်းမူကား၊ အမြင့်မြတ်ဆုံးသောထာဝရဘုရားသည်ကြောက်မက်ဖွယ်ကောင်းပေ၏။ ကိုယ်တော်သည်ကမ္ဘာတစ်ဝှမ်းလုံးကိုအုပ်စိုးတော်မူသောဘုရင်မင်းမြတ်ဖြစ်တော်မူ၏။**(သံပြိုင်)**

**၂။** ။ ကြွေးကြော်သများဖြင့်ဘုရားသခင်တက်ကြွတော်မူ၏တံပိုး၊ ခရာမှုတ်သံများဖြင့်ထာဝရဘုရားတက်ကြွတော်မူ၏။ ဘုရားသခင်အားထောမနာသီချင်းဆိုကြလော့။ ငါတို့၏ဘုရင်မင်းမြတ်အားထောမနာသီချင်းဆိုကြလော့။ထောမနာသီချင်းဆိုကြလော့။ **(သံပြိုင်)**

**၃။** ။ အကြောင်းမူကား၊ဘုရားသခင်သည်ကမ္ဘာတစ်ဝှမ်းလုံး၏ဘုရင်ဖြစ်တော်မူ၏။ဆာလံဖြင့်ထောမနာသီချင်းဆိုကြလော့။ ဘုရားသခင်သည်လူမျိုးတကာတို့ကိုအုပ်စိုးတော်မူသောဘုရင်ဖြစ်တော်မူ၏။ ဘုရားသခင်သည်မိမိ၏သန့်ရှင်းမွန်မြတ်သောရာဇပလ္လင်တော်ပေါ်တွင်ထိုင်တော်မူ၏။ **(သံပြိုင်)**

## 2nd READING: *Eph 1:17-23*

ဧဖက်ဆုသြဝါဒစာ ၁း ၁၇–၂၃

ကိုယ်တော်သည်သင်တို့အားမည်ကဲ့သို့သောမျှော်လင့်ချက်အတွက်ခေါ်တော်မူသည်ကိုလည်းကောင်း၊ကိုယ်တော်၏လူမျိုးတော်အားကတိထားတော်မူသော အံ့သြဖွယ်ရာကောင်းချီးမင်္ဂလာများမှာမည်မျှလောက်များပြားသည်ကိုလည်း ကောင်း၊ ယုံကြည်သူတို့၌ပြတော်မူသောတန်ခိုးတော်ကားမည်မျှလောက်ကြီးမားသည်ကုလည်းကောင်း၊ သင်တို့မြင်ကြစေရန်သင်တို့၏ဉာဏ်မျက်စိကိုပွင့်လင်းစေတော်မူပါမည့်အကြောင်းငါဆုတောင်းပတ္တနာပြု၏။ ထိုတန်ခိုးတော်ကား၊ခရစ်တော်ကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူခြင်းနှင့်ကောင်းကင်လောကတွင်မိမိ၏လက်ယာတော်ဘက်၌စံမြန်းစေတော်မူသောအခါဘုရားသခင်ပြုတော်မူခဲ့သည့်တန်ခိုးပင်ဖြစ်သတည်း။ ခရစ်တော်သည်ကောင်းကင်လောကကိုအစိုးရသူများ၊ အာဏာပိုင်များ၊ တန်ခိုးရှင်များနှင့်အရှင်သခင်အပေါင်းတို့၏အထွဋ်အထိပ်အဖြစ်ဖြင့်အုပ်စိုးတော်မူ၏။ ကိုယ်တော၏နာမတော်သည်မျက်မှောက်လောကနှင့်အနာဂတ်လောက၌ခေါ်ဝေါ်သမုတ်နိုင်သောအထွဋ်အထိပ်ဘွဲ့နာမအပေါင်းတို့ထက်ကြီးမြတ်တော်မူပေသည်။ ဘုရားသခင်သည်ခပ်သိမ်းသောအရာတို့ကိုခရစ်တော်၏ခြေဖဝါးတော်အောက်တွင်ချထားတော်မူ၍ကိုယ်တော်အားအသင်းတော်အတွက်အထွဋ်အထိပ်အရှင်သခင်အဖြစ်ခန့်ထားတော်မူ၏။ထိုအသင်းတော်ကားအလုံးစုံတို့ကိုပြည့်ဝစုံလင်ခြင်းဟူသောပြည့်ဝစုံလင်သူခရစ်တော်၏ကိုယ်ခန္ဓာပေတည်း။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## **GOSPEL:** ***Luke 24:46-53***

ရှင်လုကာဧဝံဂေလိကျမ်း ၂၄း ၄၆–၅၃

သူတို့အားမိန့်တော်မူသည်ကားကျမ်းစာ၌ဤသို့ရေးထားလျက်ရှိ။ ခရစ်တော်သည်ဒုက္ခရစရိယာခံသဖြင့်သုံးရက်မြောက်သောနေ့၌သေသူတို့အစုမှရှင်ပြန်ထမြောက်ရမည်။ သူ၏နာမတော်၌နောင်တတရားနှင့်အပြစ်ခွင့်လွှတ်ခြင်းတရားကိုဂျေရုဆလင်မြို့မှအစပြု၍လူမျိုးတကာတို့အားကြေညာဟောပြောရမည်။ သင်တို့သည်ကားဤအကြောင်းအရာတို့ကိုသက်သေခံသူများဖြစ်ကြ၏။ ကြည့်လော့။ ငါ၏ခမည်းတော်ကတိထားတော်မူရာကိုသင်တို့အပေါ်သို့ငါစေလွှတ်မည်။ ထို့ကြောင့်သင်တို့သည်အထက်မှလာသောတန်ခိုးတော်နှင့်ပြည့်စုံရသည့်တိုင်အောင်ဤမြို့တွင်နေကြလောဟုမိန့်တော်မူ၏။ သခင်ယေဇူးကောင်းကင်သို့တက်ကြွတော်မူခြင်းထ နောက်ကိုယ်တော်သည်သူတို့ကိုဂျေရုဆလင်မြို့ပြင်ဘက်သနီရာတိုင်အောင်ခေါ်ဆောင်သွားတော်မူပြီးမှမိမိလက်တော်ကိုမြှောက်၍ကောင်းကြီးပေးတော်မူ၏။သို့ကောင်းကြီးပေးတော်မူစဉ်တွင်ကိုယ်တော်သည်သူတ ထံမှထွက်ခွာ၍ကောင်းကင်သို့တက်ကြွတောမူ၏။ သူတို့သည်လည်းကိုယ်တော့်ကိုရှိခိုးကိုးကွယ်ကြပြီးမှဝမ်းမြောက်ဝမ်းသာစွာဂျေရုဆလင်မြို့သို့ပြန်သွားကြ၍။ ဗိမာန်တော်၌ဘုရားသခင်ကိုအစဉ်မပြတ်ကျေးဇူးတင်ချီးမွမ်းကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**